# ISM Safeguarding Policy Summary -2026-27 (English and Myanmar)

## BACKGROUND

---

The International School of Myanmar (ISM) acknowledges its responsibility to safeguard and protect all the students under its care from all forms of abuse, harm, and maltreatment.

Safeguarding is the action taken to promote the welfare of children and protect them from harm. This entails:

- Protecting children from maltreatment;
- Preventing impairment to children's mental and physical health or development;
- Ensuring children grow up in a safe and secure environment;
- Taking action to enable all children to have the best outcomes;
- Meeting the needs of children when problems arise.

Child protection is an important part of safeguarding. It involves actions and measures taken to protect children who are suspected of being at risk of, or suffering from, significant harm. This harm can occur in various settings, including at home, in the community, or online.

UNICEF defines child protection as preventing and responding to violence, exploitation, and abuse against children.

## ISM SAFEGUARDING POLICY

---

ISM has a Safeguarding Policy which establishes boundaries, guidelines, and best practices for acceptable behavior at the school in order to prevent abuse and protect the well-being of all the students. The guidelines established in the ISM Safeguarding Policy apply to all members of the school community and those affiliated with the school, including:

- Board of Directors;
- Leadership team and administration;
- All staff employed by ISM, including but not limited to foreign faculty, local teachers, administrative staff, security staff, drivers, maintenance staff, and cleaning staff;
- Any outside company employed to work at ISM, including but not limited to outside contractors, cafeteria food groups, and special event presenters;
- Any outside group volunteering at ISM;
- The Parent Teacher Association;
- Parents, guardians, family members, drivers, and helpers of students attending ISM;
- Any visitors who may have any contact with the students or spend time on the school grounds.

## FORMS OF ABUSE

All staff are expected to know the signs of child abuse. The four types of abuse are physical abuse, emotional abuse, sexual abuse, and neglect. We at ISM endeavor to protect all the children under our care from all these forms of abuse.

### *Physical Abuse*

Physical abuse is an intentional act that causes injury to the person's body or physical trauma to the person. This may include hitting, shaking, throwing, burning or scalding, poisoning, drowning, suffocating, or otherwise causing physical harm to the child. Physical harm may also be caused when an adult fabricates the symptoms or deliberately induces illness to the child.

### *Emotional Abuse*

Emotional abuse is the persistent emotional maltreatment of a person. This type of abuse is more emotional and verbal than physical in nature. The person may express feelings toward the victim that they are worthless, unloved, inadequate, or only valued if the person's needs are met. It may include not giving the victim the opportunities to express their point of view, forcing them to be silent or made fun of, so that they are scared to speak out. It may also involve bullying in person or cyberbullying, causing the victim to feel scared or in danger.

### *Sexual Abuse*

Sexual abuse is the forcing of a sexual act on someone. The term also covers any behavior by an adult or adolescent towards a child to stimulate any of the involved sexually. The activities may involve physical contact, including assault by penetration or non-penetration acts such as masturbation, kissing, rubbing, and touching. It may also involve non-contact activities, such as involving children in looking at images. The sexual abuser can be male or female.

### *Neglect*

Neglect is the frequent failure to meet a child's physical, medical, educational, or psychological needs. This would likely result in the child's health and health decreasing. Neglect can start as early in pregnancy. If the child is not provided with adequate food, clothing, shelter, and protection from physical or emotional harm, this is neglect.

## SAFE WORKING PRACTICES

When working or volunteering with children at ISM, all staff must follow safe working practices consistently. This ensures the safety and welfare of children, other staff, and the individual staff member as he or she holds a position of trust and responsibility. The following are the safe working practices.

- Always work in the best interests of children - do not behave in a manner that could be deemed as offensive to the people around you.
- Be culturally sensitive and aware, and avoid using foul or abusive language, discussing personal matters, being under the influence of alcohol, or dressing inappropriately for your professional role.
- Only transport children if it's explicitly within your role, ensuring you follow all safe working practices set by your school.
- Use designated staff toilets.
- Only use approved school communication methods and refrain from engaging in any personal communication with children, such as texting, messaging, or social networking sites.
- Refrain from posting photos of students on personal social media.
- Be open and honest; work in a way that cannot lead to anybody questioning your motivations or intentions. There should never be any elements of secrecy to your work.
- Treat everyone with respect and fairness, embracing diversity in culture, disability, gender, language, racial origin, and religious belief.
- Confidential or private information about children should only be shared with the Safeguarding Team. The information should never be used as a source of gossip.
- Be vigilant and take appropriate action.

## ISM SAFEGUARDING BEST PRACTICES

In addition to the professional norms, all ISM staff members are expected to uphold these simple safeguarding best practices to ensure every student feels safe and respected:

- If you find yourself alone with a student, make sure both you and the student are always visible to others. This could be through your door's window or with the door entirely open, or moving to a more public area.
- Call students by their official names rather than any nicknames or pet names, even if the student says they are okay with it. This shows respect, and no matter how professional a nickname might feel. It is not appropriate for the workplace. Examples of nicknames or pet names that are commonly used: sweetie, honey, champ, pal, etc.
- Keep your conversations and language with students professional. For example, telling a student you love them can be just as harmful as telling a student you hate them. Teachers

should not be conversing with students as if they are friends, and conversation topics should follow suit.

- Be mindful of physical contact. Generally, it should be initiated by the student and should never exceed three seconds, sticking to the shoulders, upper back, and arms. If you need to initiate contact with a student, permission should always be asked. For example, if a student is injured and you need to assist them as they walk to the nurse, ask first. “Is it okay if I support your leg as we’re walking?”

## STAFF TRAINING

All ISM staff undergo safeguarding training to enable them to recognize the possible signs of maltreatment and to be able to follow the protocol to safeguard all students. Every staff member is required to complete a yearly online training in addition to reading the Safeguarding Policy. After both of these have been completed, the staff member is required to sign the Staff Commitment to Uphold the Safeguarding Policy form.

## NEW STAFF RECRUITMENT

ISM ensures that all new employees provide evidence of safe practice by providing background checks from every country they have worked in. Also, they should provide contact information of sufficient and relevant references with permission for the school to contact them.

All applicants at all levels will:

- Provide evidence of identity and qualifications.
- Provide references from previous jobs.
- Be interviewed, either in person or via video call.
- Provide police background/ criminal history checks.

## REPORTING PROCESS

If an ISM stakeholder is aware or suspicious of an act of maltreatment against a student, the incident must be reported immediately to their immediate supervisor or counselor, in addition to the Designated Safeguarding Lead. Within 24 hours of the verbal report, a formal written report must be submitted.

## ISM SAFEGUARDING TEAM

| | |
|---|---|
| **Designated Safeguarding Lead/ES Counselor** | Mr. Kayembi Chilomba: escounselor@ismyanmar.com; |
| **SS Counselor** | Mr. Victor Clack<br>hscounselor1@ismyanmar.com; |
| **SS Counselor** | Ms Siri Fretheim: mscounselor@ismyanm.com; |
| **ISM School Doctor** | Dr. Nyan Lynn Maung: doctor1@ismyanmar.com |
| **ISM Director** | Mr. Lyle Moltzan: director@ismyanmar.com |
| **Director Administrative Assistant/**<br>**Myanmar Language Key Contact** | Ms. Zin Myo Latt @Lydia: directoradminassistant@ismyanmar.com |

No. W-22/24, Mya Kan Thar Main Road, Mya Kan Thar Housing,
5th Quarter, Hlaing Township, Yangon, Myanmar.
Elementary School Tel: 95-1-531224-26
Middle School Tel: 95-1-530082-83
High School Tel: 95-1-530059-60

# ISM ကလေးသူငယ် ဘေးကင်းလုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး မူဝါဒ အကျဉ်းချုပ်

## နောက်ခံသမိုင်းကြောင်း

International School of Myanmar (ISM) သည် မိမိတို့၏ စောင့်ရှောက်မှုအောက်တွင်ရှိသော ကျောင်းသား/သူအားလုံးကို အနိုင်ကျင့်မှု၊ ထိခိုက်နစ်နာစေမှု၊ နှိပ်စက်ညှဉ်းပန်းမှုနှင့် မသင့်လျော်စွာ ပြုမူဆက်ဆံခံရမှု အမျိုးမျိုးမှ ကာကွယ် စောင့်ရှောက်ရန် တာဝန်ရှိကြောင်း ခံယူထားပါသည်။

Safeguarding (ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ခြင်း) ဆိုသည်မှာ ကလေးသူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာကောင်းကျိုးများ တိုးတက်ကောင်းမွန်စေရန်၊ ထိခိုက်နစ်နာမှုများမှ ကာကွယ်ပေးရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များကို ဆိုလိုပါသည်။ ၎င်းတွင် အောက်ပါအချက်များ ပါဝင်ပါသည်—

- ကလေးများအား နှိပ်စက်ညှဉ်းပန်းခံရခြင်းမှ ကာကွယ်ခြင်း
- ကလေးသူငယ်များ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်မှုတို့ ထိခိုက်ပျက်စီးခြင်းမှ ကာကွယ်ခြင်း
- ကလေးများ လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်တွင် ကြီးပြင်းလာစေရန် ဆောင်ရွက်ခြင်း
- ကလေးသူငယ်တိုင်း အကောင်းဆုံးအကျိုးရလဒ်များ ရရှိနိုင်ရန် လိုအပ်သည့် အကူအညီနှင့် ပံ့ပိုးမှုများ ပေးခြင်း
- ကလေးသူငယ်များ အခက်အခဲ သို့မဟုတ် ပြဿနာများ ကြုံတွေ့လာသည့်အခါ ၎င်းတို့လိုအပ်သော အကူအညီနှင့် ပံ့ပိုးမှုများကို ဖြည့်ဆည်းပေးခြင်း

Child Protection (ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး) သည် Safeguarding (ကလေးသူငယ်များအား ဘေးကင်းလုံခြုံစေရန်ကာကွယ်စောင့်ရှောက်ခြင်း) ၏အရေးကြီးသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ ကလေးသူငယ်တစ်ဦးသည် ပြင်းထန်သော ထိခိုက်နစ်နာမှုများ ခံစားနေရသည်ဟု သံသယရှိပါက သို့မဟုတ် ထိုသို့သော အန္တရာယ်ကျရောက်နိုင်ခြေရှိပါက၊ ထိုကလေးအား ကာကွယ်ရန် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများနှင့် သင့်လျော်သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ခြင်းဖြစ်ပါသည်။ ထိုသို့သော ထိခိုက်နစ်နာမှုများသည် မိမိအိမ်တွင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း သို့မဟုတ် အွန်လိုင်းပေါ် အစရှိသည့် မည်သည့်နေရာတွင်မဆို ဖြစ်ပေါ်နိုင်ပါသည်။

**UNICEF** ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ **Child Protection** ဆိုသည်မှာ ကလေးသူငယ်များအပေါ် **အကြမ်းဖက်မှု၊ အမြတ်ထုတ်အသုံးချမှုနှင့် အနိုင်ကျင့်မှုများ** မဖြစ်ပေါ်စေရန် တားဆီးခြင်းနှင့် ထိုအခြေအနေများ ဖြစ်ပေါ်လာပါက သင့်လျော်စွာ အရေးယူဆောင်ရွက်ခြင်း ဖြစ်ပါသည်။

## ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးမူဝါဒ

---

ISM ၏ Safeguarding Policy သည် ကျောင်းသား/သူများ လုံခြုံစိတ်ချစွာ ပညာသင်ယူနိုင်ပြီး အလွဲသုံးစားပြုမှုနှင့် ထိခိုက်နစ်နာမှုများမှ ကာကွယ်ပေးရန် လူတိုင်းလိုက်နာရမည့် စည်းမျဉ်းများနှင့် လမ်းညွှန်ချက်များကို သတ်မှတ်ပေးထားခြင်း ဖြစ်ပါသည်။ ဤစည်းမျဉ်းများသည် လူတစ်ဦးတစ်ယောက်၏ တာဝန်သာမဟုတ်ဘဲ ကျောင်းအသိုင်းအဝိုင်းနှင့် ကျောင်းသား/သူများနှင့် ထိတွေ့ဆက်ဆံသူအားလုံး၏ တာဝန်ဖြစ်သည်။

၎င်းတို့မှာ —

- **Board of Directors** — ဒါရိုက်တာအဖွဲ့ဝင်များ
- **Leadership & Administration** — ကျောင်းအုပ်ချုပ်ရေးနှင့် အမှုဆောင်အဖွဲ့
- **All ISM Staff** — နိုင်ငံခြားဆရာ/ဆရာမများ၊ မြန်မာဆရာ/ဆရာမများ၊ ရုံးဝန်ထမ်းများ၊ လုံခြုံရေးဝန်ထမ်းများ၊ ယာဉ်မောင်းများ၊ ပြုပြင်ထိန်းသိမ်းရေးဝန်ထမ်းများနှင့် သန့်ရှင်းရေးဝန်ထမ်းများ
- **Outside Companies/Contractors** — ကျောင်းတွင် ဝန်ဆောင်မှုပေးသော ပြင်ပကုမ္ပဏီများနှင့် ကန်ထရိုက်တာများ
- **Cafeteria & Event Providers** — စားသောက်ရေးဝန်ဆောင်မှုပေးသူများနှင့် အထူးပွဲများအတွက် ပွဲအခမ်းအနား စီစဉ်ဆောင်ရွက်ပေးသောသူများ
- **Volunteers** — ကျောင်းတွင် စေတနာ့ဝန်ထမ်းအဖြစ် ပြင်ပအဖွဲ့အစည်းမှ လာရောက်ကူညီသူများ
- **PTA** — Parent Teacher Association
- **Parents & Families, Drivers & Helpers** — ISM တွင် တက်ရောက်နေသော ကျောင်းသားများ၏ မိဘများ(သို့) အုပ်ထိန်းသူများ၊ မိသားစုဝင်များ၊ ယာဉ်မောင်းများ နှင့် ကလေးထိန်းများ
- **Visitors** — ကျောင်းသားများနှင့် အဆက်အသွယ်ရှိသည့် (သို့မဟုတ်) ကျောင်းတွင်းသို့ လာရောက်သည့် ပြင်ပ ဧည့်သည် တို့ပါဝင်ကြပါသည်။

Website: www.ismyanmar.com
E-mail: admin@ismyanmar.com

No. W-22/24, Mya Kan Thar Main Road, Mya Kan Thar Housing,
5th Quarter, Hlaing Township, Yangon, Myanmar.
Elementary School Tel: 95-1-531224-26
Middle School Tel: 95-1-530082-83
High School Tel: 95-1-530059-60

## ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အကြမ်းဖက် ပြုမူဆက်ဆံခြင်း ပုံစံများ

ISM ဝန်ထမ်းများအားလုံးသည် ကလေးသူငယ်များအား ထိခိုက်နစ်နာစေနိုင်သော ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မတော်မတရား ပြုမူဆက်ဆံခြင်းခံရသည့် လက္ခဏာများကို သိရှိနားလည်ထားရမည်ဖြစ်သည်။ Form of Abuse အားကိုယ်ထိလက်ရောက် အကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု နှင့် လျစ်လျူရှုမှုဟူ၍ အမျိုးအစား လေးမျိုး ခွဲခြားနိုင်ပါသည်။။ ISM အနေဖြင့် မိမိတို့၏ စောင့်ရှောက်မှုအောက်တွင်ရှိသော ကလေးသူငယ်များအားလုံးကို အထက်ဖော်ပြပါ အပြုအမူအမျိုးအစားအားလုံးမှ ကာကွယ်စောင့်ရှောက်ရန် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

### ကိုယ်ထိလက်ရောက် အကြမ်းဖက်မှု (Physical Abuse)

ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုသည် လူတစ်ဦး၏ခန္ဓာကိုယ်ကို ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်မှု (သို့မဟုတ်) လူတစ်ဦးကို ရုပ်ပိုင်းဆိုင်ရာဒဏ်ရာရစေသော ကိုယ်ထိလက်ရောက် စော်ကားမှုဖြစ်သည်။ ရိုက်နှက်ခြင်း၊ ကိုင်လှုပ်ခြင်း၊ ပစ်ပေါက်ခြင်း၊ မီးလောင်ခြင်း (သို့) အပူလောင်ခြင်း၊ အဆိပ်သင့်ခြင်း၊ ရေနစ်ခြင်း၊ အသက်ရှူကြပ်ခြင်း သို့မဟုတ် ကလေးအား ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်စေသည့် အခြားအရာများ ပါဝင်နိုင်သည်။ အရွယ်ရောက်ပြီးသား သူတစ်ဦးသည် ကလေးအား တမင်တကာ ရည်ရွယ်၍ ရောဂါလက္ခဏာများကို ဖန်တီးခြင်း (သို့မဟုတ်) ဖျားနာအောင် ပြုလုပ်ခြင်းတို့သည် ရုပ်ပိုင်းဆိုင်ရာစော်ကားမှုတွင် ပါဝင်ပါသည်။

### စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (Emotional Abuse)

ကလေးသူငယ်တစ်ဦးအား အချိန်ကြာမြင့်စွာ သို့မဟုတ် ထပ်ခါတလဲလဲ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသော ပြုမူဆက်ဆံမှု ကို စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဟုဆိုလိုပါသည်။ ၎င်းသည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်စေခြင်းထက် စကားလုံးများ၊ အပြုအမူများနှင့် စိတ်ပိုင်းဆိုင်ရာ ဖိအားပေးမှုများ မှတစ်ဆင့် ဖြစ်ပေါ်လေ့ရှိပါသည်။

လူတစ်ဦး တစ်ယောက်မှ ကလေးသူအငယ်အား တန်ဖိုးမဲ့သောသူ၊ အချစ်မခံရသူ၊ မပြည့်စုံသောသူဟုခံစားစေခြင်း၊ သို့မဟုတ် မိမိတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမှသာ တန်ဖိုးရှိသည်ဟု ခံစားစေခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင်

Website: www.ismyanmar.com
E-mail: admin@ismyanmar.com

No. W-22/24, Mya Kan Thar Main Road, Mya Kan Thar Housing,
5th Quarter, Hlaing Township, Yangon, Myanmar.
Elementary School Tel: 95-1-531224-26
Middle School Tel: 95-1-530082-83
High School Tel: 95-1-530059-60

ကလေးသူငယ်အား အတင်းအကျပ်ပြုလုပ်ခြင်း၊ လှောင်ပြောင်ခြင်း။ နှုတ်ဆိတ်နေစေခြင်း စသည်တို့ကြောင့် မိမိ၏အမြင် သို့မဟုတ် ခံစားချက်ကို ထုတ်ဖော်ပြောဆိုရန် ကြောက်ရွံ့လာစေခြင်းလည်း ပါဝင်နိုင်ပါသည်။ လူကိုယ်တိုင် အနိုင်ကျင့်ခြင်းနှင့် အွန်လိုင်းမှ ခြိမ်းခြောက်အနိုင်ကျင့်ခြင်း (cyberbullying) တို့ကြောင့်လည်း ကလေးသူငယ်အား ကြောက်လန့်စေခြင်း သို့မဟုတ်မလုံခြုံခြင်း၊ အန္တရာယ် ကျရောက်စေခြင်းများကို ခံစားရစေနိုင်ပါသည်။

## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု(Sexual Abuse)

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဆိုသည်မှာ တစ်စုံတစ်ဦးအား မိမိဆန္ဒမရှိဘဲ လိင်ပိုင်းဆိုင်ရာအပြုအမူများ အတင်းအဓမ္မ ပြုလုပ်ခိုင်းစေခြင်း ဖြစ်သည်။ အရွယ်ရောက်ပြီးသူ သို့မဟုတ် ဆယ်ကျော်သက်တစ်ဦးသည် ကလေးအား လိင်ပိုင်းဆိုင်ရာ စိတ်လှုပ်ရှားမှု ဖြစ်ပေါ်စေရန် ရည်ရွယ်၍ လှုံ့ဆော်သည့် အပြုအမူများ ပြုလုပ်ခြင်းသည်လည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင် အကျုံးဝင်ပါသည်။

ကိုယ်ထိလက်ရောက်ကျူးလွန်မှုများတွင် ကာမဆက်ဆံခြင်း (သို့မဟုတ်) ကာမဆက်ဆံခြင်း မဟုတ်သော တစ်ကိုယ်ရည်အာသာဖြေခြင်း၊ နမ်းခြင်း၊ ခန္ဓာကိုယ်ကို ပွတ်သပ်ခြင်း နှင့် ထိတွေ့ကိုင်တွယ်ခြင်း စသည့်လုပ်ရပ်များ ပါဝင်သည်။ ခန္ဓာကိုယ်ကို ကိုင်တွယ်ထိတွေ့မှုမရှိသော်လည်း ကလေးများကို ညစ်ညမ်းပုံများ သို့မဟုတ် အကြောင်းအရာများကို ကြည့်ရှုစေခြင်းသည်လည်း လိင်ပိုင်းဆိုင် အကြမ်းဖက်မှုတွင် ပါဝင်ပါသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်သူသည် အမျိုးသား သို့မဟုတ် အမျိုးသမီး လည်းဖြစ်နိုင်ပါသည်။

## လျစ်လျူရှုခြင်း (Neglect)

လျစ်လျူရှုခြင်းသည် ကလေး၏ ရုပ်ပိုင်းဆိုင်ရာ၊ ကျန်းမာရေး၊ ပညာရေး သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို လုံလောက်စွာဖြည့်ဆည်းပေးရန် မကြာခဏ ပျက်ကွက်ခြင်း၊ လျစ်လျူရှုခြင်း ကိုဆိုလိုပါသည်။ ထိုသို့ လျစ်လျူရှုခြင်းသည် ကလေးသူငယ်၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ပါသည်။ လျစ်လျူရှုမှုသည် မိဘမှကလေးအား ကိုယ်ဝန်ဆောင်ကာလအတွင်းကတည်းကပင် စတင်ဖြစ်ပေါ်နိုင်ပါသည်။ အကယ်၍ ကလေးအား လုံလောက်သော အစားအစာ၊ အဝတ်အစား၊ နေထိုင်စရာ အထောက်အပံ့ မပေးခြင်း နှင့် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုမှ အကာအကွယ်မပေးခြင်းတို့သည်လည်း လျစ်လျူရှုခြင်းပင် ဖြစ်သည်။

## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအတွက်လက်တွေ့ကျင့်သုံးလုပ်ဆောင်မှုများ

---

ISM တွင်ကလေးသူငယ်များနှင့် အလုပ်လုပ်ကိုင်ခြင်း သို့မဟုတ် စေတနာ့ဝန်ထမ်းအဖြစ် လာရောက်ကူညီခြင်းပြုသည့်အခါ ဝန်ထမ်းအားလုံးသည် လုံခြုံစိတ်ချရသော လက်တွေ့လုပ်ထုံးလုပ်နည်းများကို အစဉ်တစိုက် လိုက်နာရမည် ဖြစ်ပါသည်။ ထိုသို့ လိုက်နာခြင်းဖြင့် ကလေးသူငယ်များ၊ အခြားသောဝန်ထမ်းများနှင့် မိမိကိုယ်တိုင်၏ လုံခြုံရေးနှင့် ဘက်စုံကောင်းကျိုး ကိုကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

ဝန်ထမ်းတစ်ဦးချင်းစီသည် ကလေးသူငယ်များနှင့် ပတ်သက်၍ ယုံကြည်အပ်နှံမှုနှင့် တာဝန်ရှိသည့် သူများဖြစ်သောကြောင့် ဤတာဝန်ကို အလေးအနက်ထား လိုက်နာရမည်ဖြစ်ပါသည်။ အောက်ပါတို့သည် လိုက်နာရမည့် လုံခြုံစိတ်ချရသော လိုက်နာကျင့်သုံးလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများ ဖြစ်ပါသည်။

- မိမိ၏လုပ်ဆောင်ချက်တိုင်းတွင် ကလေးသူငယ်များ၏ ဘေးကင်းလုံခြုံရေးအား အမြဲဦးစားပေး လုပ်ဆောင်ရမည်။ မိမိပတ်ဝန်းကျင်ရှိသူများကို စိတ်အနှောင့်အယှက်ဖြစ်စေနိုင်သော သို့မဟုတ် မလေးမစားပြုရာ ရောက်နိုင်သော အပြုအမူများကို မပြုလုပ်ရပါ။
- ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားခြားနားမှုများကို နားလည်လေးစားပြီး သတိပြုဆင်ခြင်ရမည်ဖြစ်သည်။ မဖွယ်မရာ သို့မဟုတ် ရိုင်းစိုင်းသော စကားလုံးများ အသုံးပြုခြင်း၊ ကိုယ်ရေးကိုယ်တာကိစ္စများကို ဆွေးနွေးခြင်း၊ အရက်သေစာ သောက်စားထားသည့် အခြေအနေဖြင့် အလုပ်လုပ်ခြင်း၊ သို့မဟုတ် မိမိ၏ရာထူးနှင့် မသင့်လျော်သော ဝတ်စားဆင်ယင်မှုများကို ရှောင်ကြဉ်ရမည်။
- မိမိ၏ အလုပ်တာဝန်တွင်ကျောင်းသူ၊ ကျောင်းသားများအား ယာဉ်ဖြင့် သယ်ယူပို့ဆောင်ရန် တိတိကျကျ တာဝန်ပေးထားမှသာ သယ်ယူပို့ဆောင်ပေးရမည်ဖြစ်ပြီး၊ ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းမှ သတ်မှတ်ထားသော လုံခြုံစိတ်ချရသည့် လုပ်ထုံးလုပ်နည်းများအတိုင်းလိုက်နာဆောင်ရွက်ရမည်။
- ဝန်ထမ်းများအတွက် သတ်မှတ်ထားသော သန့်စင်ခန်းများကိုသာ အသုံးပြုရပါမည်။
- ကျောင်းမှခွင့်ပြုထားသော ဆက်သွယ်ရေးနည်းလမ်းများကိုသာ အသုံးပြုရမည်ဖြစ်ပြီး၊ ကလေးသူငယ်များနှင့် ကိုယ်ရေးကိုယ်တာအရ စာတိုပေးပို့ခြင်း၊ မက်ဆေ့ချ်ပေးပို့ခြင်း သို့မဟုတ် လူမှုကွန်ရက်များမှ တစ်ဆင့် ဆက်သွယ်ခြင်းတို့ကို မပြုလုပ်ရပါ။

- မိမိ၏ ကိုယ်ပိုင်လူမှုကွန်ရက်အကောင့်များတွင် ကျောင်းသား/သူများ၏ ဓာတ်ပုံများကို မတင်ရပါ။
- မိမိ၏ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ အခြားသူမှ မေးခွန်းထုတ်စရာ မဖြစ်အောင် ပွင့်လင်းရိုးသားစွာ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး၊ မိမိ၏လုပ်ဆောင်ချက်များ ကိုလျှို့ဝှက်ထား သည့် အခြေအနေမျိုး မရှိသင့်ပါ။
- လူတိုင်းကို လေးစားမှုနှင့် တရားမျှတမှုရှိစွာ ဆက်ဆံပြီး ယဉ်ကျေးမှု၊ မသန်စွမ်းမှု၊ ကျား/မခွဲခြားခြင်း၊၊ ဘာသာစကား၊ လူမျိုးရေးနှင့် ဘာသာရေးယုံကြည်ချက်တို့တွင် မတူညီကွဲပြားမှုများကိုနားလည် လက်ခံပေး၍ လေးစားမှုရှိရမည်။

- ကလေးသူငယ်များနှင့် ပတ်သက်သည့် လျှို့ဝှက် သို့မဟုတ် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို Safeguarding Team နှင့်သာမျှဝေရပါမည်။ ထိုအချက်အလက်များကို မသင့်လျော်စွာ ပြောဆိုဖြန့်ဝေခြင်းများအတွက် အသုံးမပြုသင့်ပါ။
- အမြဲသတိရှိစွာ စောင့်ကြည့်ပြီး လိုအပ်သည့်အခါ သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်။

## ISM ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလိုက်နာရမည့်ကျင့်ဝတ်များ

---

ပရော်ဖက်ရှင်နယ်ဆိုင်ရာ စံနှုန်းများအပြင် ISM ဝန်ထမ်းများအားလုံးသည် ကျောင်းသား/သူတိုင်း လုံခြုံစိတ်ချရပြီး၊ လေးစားခံရသည်ဟု ခံစားရစေရန်အတွက် အောက်ဖော်ပြပါ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အခြေခံ လုပ်ထုံးလုပ်နည်းများကို အစဉ်အမြဲ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

- ကျောင်းသား/သူတစ်ဦးနှင့် မိမိတစ်ဦးတည်း ရှိနေပါက မိမိနှင့် ကျောင်းသား/သူနှစ်ဦးစလုံးကို အခြားသူများမှ အမြဲမြင်တွေ့နိုင်သည့် အခြေအနေတွင် ရှိနေစေရမည်။ ဥပမာအားဖြင့် တံခါးကို လုံးဝဖွင့်ထားခြင်း၊ တံခါးတွင်ရှိသော မှန်ပြတင်းပေါက်မှတစ်ဆင့် မြင်နိုင်အောင် ပြုလုပ်ခြင်း သို့မဟုတ် လူများရှိသော ပိုမိုပွင့်လင်းမြင်သာသည့် နေရာသို့ ရွှေ့ပြောင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။
- ကျောင်းသား/သူများကို ၎င်းတို့၏ အမည်အရင်းကိုသာ ခေါ်ဆိုရမည်ဖြစ်သည်။ ကျောင်းသား/သူက နာမည်ပြောင်များ သို့မဟုတ် ချစ်စနိုးအမည်များခေါ်ဆိုခြင်းကို သဘောတူသော်လည်း မိမိမှခေါ်ဆိုခြင်းမပြုရပါ။ ၎င်းသည် ကျောင်းသား/သူအား လေးစားမှုရှိကြောင်း ပြသရာရောက်ပြီး နာမည်ပြောင်တစ်ခုသည် မည်မျှပင် ရင်းနှီးသလို ခံစားရစေကာမူ အလုပ်ခွင်အတွင်း အသုံးပြုရန် မသင့်လျော်ပါ။ အသုံးများသော

ISM

International School of Myanmar

Website: www.ismyanmar.com

E-mail: admin@ismyanmar.com

No. W-22/24, Mya Kan Thar Main Road, Mya Kan Thar Housing,
5th Quarter, Hlaing Township, Yangon, Myanmar.
Elementary School Tel: 95-1-531224-26
Middle School Tel: 95-1-530082-83
High School Tel: 95-1-530059-60

နာမည်ပြောင်/ချစ်စနိုးအမည်များတွင် **“sweetie, honey, champ, pal”** စသည်တို့ ပါဝင်ပါသည်။

- ကျောင်းသား/သူများနှင့် ပြောဆိုဆက်ဆံရာတွင် စကားပြောပုံနှင့် အသုံးအနှုန်းများကို ပရော်ဖက်ရှင်နယ်ဆန်စွာ ထိန်းသိမ်းရပါမည်။ ဥပမာအားဖြင့် ကျောင်းသား/သူတစ်ဦးအား “မင်းကိုချစ်တယ်” ဟုပြောခြင်းသည် “မင်းကိုမုန်းတယ်” ဟုပြောခြင်းကဲ့သို့ပင် ထိခိုက်နစ်နာစေနိုင်ပါသည်။ ဆရာ/ဆရာမများသည် ကျောင်းသား/သူများနှင့် မိတ်ဆွေများကဲ့သို့ ပြောဆိုဆက်ဆံခြင်း မပြုသင့်ပါ။ ထို့နည်းတူ ပြောဆိုဆွေးနွေးသည့် အကြောင်းအရာများသည်လည်း အကန့်အသတ်အတွင်း ရှိသင့်ပါသည်။

- ကိုယ်ထိလက်ရောက် ထိတွေ့ဆက်ဆံမှုများကို အထူးသတိပြုဆင်ခြင်ရမည်ဖြစ်သည်။ ယေဘုယျအားဖြင့် ကိုယ်ထိလက်ရောက် ထိတွေ့ဆက်ဆံမှုသည် ကျောင်းသား/သူဘက်မှ စတင်သင့်ပြီး သုံးစက္ကန့်ထက်မပိုစေပဲ ပခုံး၊ ကျောအပေါ်ပိုင်းနှင့် လက်မောင်းတို့ကိုသာ ထိတွေ့ရန် ကန့်သတ်ထား သင့်ပါသည်။ ဝန်ထမ်းတစ်ဦးအနေဖြင့် ကျောင်းသား/သူအား စတင်၍ ကိုယ်ထိလက်ရောက် ထိတွေ့ရန် လိုအပ်သည့် အခြေအနေမျိုးတွင် ကျောင်းသား/သူ၏ ခွင့်ပြုချက်ကို အမြဲတမ်းဦးစွာ တောင်းခံ ရမည်ဖြစ်ပါသည်။ ဥပမာ—ကျောင်းသား/သူတစ်ဦး ထိခိုက်ဒဏ်ရာရပြီး ကျောင်းဆေးပေးခန်းသို့ လမ်းလျှောက်သွားရာတွင် ကူညီပေးရန် လိုအပ်ပါက အရင်ဆုံး— **“လမ်းလျှောက်တဲ့အခါ မင်းကို ကူညီတွဲခေါ်ပေးလို့ရမလား?”** ဟု ခွင့်ပြုချက်တောင်းခံသင့်ပါသည်။

## ဝန်ထမ်းများအားလေ့ကျင့်သင်ကြားပေးခြင်း

ISM ဝန်ထမ်းများအားလုံးသည် အကြမ်းဖက်နှိပ်စက်ညှဥ်းပန်းမှု၏ ဖြစ်နိုင်ချေလက္ခဏာများကို သိရှိထားပြီး ကျောင်းသားအားလုံး လုံခြုံဘေးကင်းစေရေးအတွက် တရားဝင်လုပ်ထုံးလုပ်နည်းများကို လိုက်နာနိုင်ရန် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေး သင်တန်းကို တက်ရောက်ပြီး ဖြစ်ရပါမည်။ ဝန်ထမ်းတစ်ဦးခြင်းစီသည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးမူဝါဒကို ဖတ်ရှုခြင်းအပြင်၊ နှစ်စဉ် online မှသင်ကြားမှုသင်တန်းကို ပြီးမြောက်ရန် လိုအပ်ပါသည်။ ယင်းနှစ်ခုစလုံးကို ပြီးမြောက်ပြီးနောက်၊ ဝန်ထမ်းသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးမူဝါဒကို ထိန်းသိမ်းလိုက်နာရန် ဝန်ထမ်းကတိပြုချက် Formတွင် လက်မှတ်ရေးထိုးရပါမည်။

## ဝန်ထမ်းသစ်ခန့်အပ်ခြင်း

ISM သည်ဝန်ထမ်းအသစ်များအားလုံးထံမှ ယခင်က ၎င်းတို့အလုပ်လုပ်ကိုင်ခဲ့သည့် နိုင်ငံတိုင်းမှ နောက်ခံအချက်အလက် စစ်ဆေးချက်များ (background checks) ကိုတင်ပြရပါသည်။ ထို့အပြင် ကျောင်းမှ ဆက်သွယ်စုံစမ်းနိုင်ရန်အတွက် ယခင်အလုပ်မှ ထောက်ခံပေးနိုင်သူများ (references) ၏ဆက်သွယ်ရန်အချက်အလက်များကို ၎င်းတို့၏ ခွင့်ပြုချက်ဖြင့် ပေးအပ်ရမည် ဖြစ်ပါသည်။

လျှောက်ထားသူအားလုံးသည်—

- မိမိ၏ကိုယ်ရေးအထောက်အထားနှင့် ပညာအရည်အချင်းများကို အတည်ပြုနိုင်သည့် အထောက်အထားများ တင်ပြရမည်။
- ယခင်အလုပ်အကိုင်များမှ ထောက်ခံပေးနိုင်သူများ (references) ၏ဆက်သွယ်နိုင်မည့် အချက်အလက်များကို တင်ပြရမည်။
- လူကိုယ်တိုင်ဖြစ်စေ၊ ဗီဒီယိုခေါ် ဆိုမှုမှတစ်ဆင့်ဖြစ်စေ အင်တာဗျူး ဖြေဆိုရမည်။
- ရဲစခန်းထောက်ခံစာ / ရာဇဝတ်မှုဆိုင်ရာကင်းစင်ကြောင်း စစ်ဆေးမှု မှတ်တမ်းများ တင်ပြရပါသည်။

## အစီရင်ခံခြင်းလုပ်ငန်းစဉ်

ISMကျောင်းမှ ဝန်ထမ်းတစ်ဦးဦးသည် ကျောင်းသား/သူတစ်ဦးအပေါ် မတရားပြုမူဆက်ဆံခြင်း၊ ထိခိုက်နစ်နာစေခြင်း၊ သို့မဟုတ် ညှင်းပန်းနှိပ်စက်ခံရခြင်းတို့ကိုသိရှိခြင်း သို့မဟုတ် သံသယဖြစ်ခြင်းတို့ ဖြစ်ပေါ်လာပါက၊ အဆိုပါဖြစ်ရပ်ကို ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအရာရှိအပြင်၊ ကျောင်းသားများကို အနီးကပ်ကြီးကြပ်သူ (သို့မဟုတ်) အတိုင်ပင်ခံ(counselor)ထံသို့ ချက်ချင်းသတင်းပို့ရမည်ဖြစ်သည်။ နှုတ်အစီရင်ခံချက်မှတဆင့် ၂၄ နာရီအတွင်း တရားဝင် ရေးသားထားသော အစီရင်ခံစာကို တင်ပြရပါမည်။

## ISM ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဝင်များ

### ISM SAFEGUARDING TEAM

| | |
|---|---|
| **Designated Safeguarding Lead/ES Counselor** | Mr. Kayembi Chilomba: escounselor@ismyanmar.com; |

| | |
|---|---|
| **SS Counselor** | Mr. Victor Clack<br><br>hscounselor1@ismyanmar.com; |
| **SS Counselor** | Ms Siri Fretheim:<br>mscounselor@ismyanm.com; |
| **ISM School Doctor** | Dr. Nyan Lynn Maung:<br>doctor1@ismyanmar.com |
| **ISM Director** | Mr. Lyle Moltzan:<br>director@ismyanmar.com |
| **Director Administrative Assistant/**<br><br>**Myanmar Language Key Contact** | Ms. Zin Myo Latt @Lydia:<br>directoradminassistant@ismyanmar.com |